ပျဉ်းမနားဟောင်းကျေးရွာအုပ်စု၊ကြို့ပင်(အလယ်)ကျေးရွာ

ပျဉ်းမနားမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇ -၂၀၂၈ ဘဏ္ဍာရေးနှစ်ထိ



ပြုစုရေးဆွဲသူ

ကြို့ပင်(အလယ်)ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ

ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၈)ရက်

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ကြို့ပင်(အလယ်)ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ပျဉ်းမနားမြို့နယ်	၄
	ကြို့ပင်(အလယ်)ကျေးရွာ ကျေးရွာ ရာသီခွင်ပြပြက္ခဒိန် ပျဉ်းမနားမြို့နယ်	၅
	ကြို့ပင်(အလယ်)ကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြပုံ ပျဉ်းမနားမြို့နယ်	၆
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၇
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၇
၃။	**ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	၇
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၇-၈
၅။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၈
	(က) သီးနှံ စိုက်ပျိုးရေး	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၉
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၁၀
၆။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၁၀
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၀
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀-၁၁
၇။	**ပညာရေး**	၁၁
၈။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၁-၁၂
၉။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၂-၁၃
၁၀။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၃
၁၁။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၄
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်များ	
	နောက်ဆက်တွဲ(၅)အကောင်ထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ခြင်း	
	နောက်ဆက်တွဲ (၆) စီမံကိန်းအဆိုပြုလွှာ။	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသောသမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော် လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေး လမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှရယူရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာ သည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက် မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

နိုဝင်ဘာလ၊ ၂၀၂၃ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကြို့ပင်(အလယ်)ကျေးရွာ
ပျဉ်းမနားမြို့နယ်


ပျဉ်းမနားမြို့နယ်၊ပျဉ်းမနားဟောင်းကျေးရွာအုပ်စု၊ကြို့ပင်(အလယ်)ကျေးရွာ၏ သယံဇာတပြမြေပုံ





ပျဉ်းမနားမြို့နယ်၊ပျဉ်းမနားဟောင်းကျေးရွာအုပ်စု၊ကြို့ပင်(အလယ်)ကျေးရွာ၏ ရာသီခွင်ပြပုံ

ပျဉ်းမနားမြို့နယ်၊ပျဉ်းမနားဟောင်းကျေးရွာအုပ်စု၊ကြို့ပင်(အလယ်)ကျေးရွာ၏ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုပြပုံ



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၏ အနောက်တောင်ပိုင်းရှိ ရန်ကုန်-မန္တလေးလမ်းဟောင်းလမ်းမကြီး၏ အရှေ့ဘက်ဘေးတွင် တည်ရှိသည့် ကျေးရွာတစ်ရွာ ဖြစ်ပါ သည်။ အရှေ့လောင်ကျီကျူ့ ၉၆ ဒီဂရီ ၀၉ မိနစ်မှ ၄၂ ဒီဂရီ ၄၇ မိနစ်ကြားနှင့် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ်မှ ၃၁ ဒီဂရီ ၉၉ မိနစ်ကြားတွင်တည်ရှိပါသည်။ ကြို့ပင်(အလယ်) ကျေးရွာ၏ အရှေ့ဘက်တွင် ကြို့ပင်ကြီးကျေးရွာ၊ မြောက်ဘက်တွင် စည်ကောက်ကျေးရွာ ၊တောင်ဘက်တွင် ကြို့ပင်(အနောက်) ကျေးရွာတည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပျဉ်းမနားမြို့နယ်၊ ကြို့ပင်(အလယ်)ကျေးရွာ၏ ရွာသီဥတုမှာ ယေဘူယျအားဖြင့် အပူပိုင်းမုတ်သုံရာသီ ဥတုရှိပြီး အမြင့်ဆုံးအပူချိန်မှာ (၃၁.C)နှင့် အနိမ့်ဆုံးအပူချိန်မှာ (၄၂.C)ရှိပါသည်။ တစ်နှစ်ပျှမ်းမျှမိုး ရေချိန်မှာ (၄၀")ခန့်ရှိပြီး မိုးအများဆုံးရွာသွန်းသောလမှာ ဝါဆိုလနှင့် ဝါခေါင်လ တို့ဖြစ်ပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ပျဉ်းမနားမြို့နယ်၊ ပျဉ်းမနားဟောင်းကျေးရွာအုပ်စု၊ ကြို့ပင်(အလယ်)ကျေးရွာတွင် အိမ်ထောင်စု (၇၆)စု၌ ကျား (၁၆၈)ဦး၊ မ(၁၈၈)ဦး၊ စုစုပေါင်း လူဦးရေ (၃၅၆)ဦးရှိပြီး (၁) အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၅)ဦးခန့် နေထိုင်လျက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်လူဦးရေ မှာ ကျေးရွာရှိလူဦးရေ၏ (၆၀%)ဖြစ်ပြီး လုပ်သားအင်အားရရှိမှုများပါသည်။ ၎င်းအလုပ် လုပ်နိုင်သော သူများကို အသက်မွေး ဝမ်းကျောင်း ကျွမ်းကျင်မှု အတတ်ပညာများ ထောက်ပံ့ပေးခြင်း၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းများထူထောင်ပေးနိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာ ကောင်းများရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်တွင် အမျိုးသား အလုပ်လုပ်နိုင်သော လူဦးရေ ထက် အမျိုးသမီးအလုပ် လုပ်နိုင်သော လူဦးရေမှာ ပိုမိုများပြားပါသည်။ အသက် (၆၄) နှစ်နှင့် အထက် သက်ကြီးရွယ်အို့လူဦးရေမှာကျေးရွာရှိလူဦးရေ၏ (၅ %) ရှိပြီး ကျန်းမာရေးမှာ အသင့်အတင့် ကောင်းမွန်ကြပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပျဉ်းမနားမြို့နယ်၊ ပျဉ်းမနားဟောင်းကျေးရွာအုပ်စု၊ ကြို့ပင်(အလယ်)ကျေးရွာတွင် လူမှုရေး အသင်းအဖွဲ့များရှိပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက် လူမှုအဖွဲ့ အစည်းများကြား ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာအတွင်းရှိ ပြည်သူ များ၏ စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ သြဇာသက်ရောက်မှု များကြောင့် ကျေးရွာအကျိုး အဖွဲ့လိုက်ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အတင့် ရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါသော်လည်း ကျေးရွာဖွံ့ဖြိုးရေး ဆိုင်ရာစီမံခန့်ခွဲမှုနှင့် ပတ်သက်သော

အသိအမြင်ဗဟုသုတများ အပိုင်း (ဥပမာ - အဖွဲ့အစည်းများဆိုင်ရာသဘောတရားများ)တွင် လိုအပ်ချက်များ ရှိနေသေးလျက်ရှိပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ပျဉ်းမနားမြို့နယ်၊ ပျဉ်းမနားဟောင်းကျေးရွာအုပ်စု၊ ကြို့ပင်(အလယ်)ကျေးရွာတွင် လယ်မြေ ပိုင်ဆိုင်မှုအသင့်အတင့်ရှိပါသည်။ ကျေးရွာ(၁)ရွာလုံးအနေဖြင့် လယ်မြေပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ(၂၃)စုရှိပြီး ကျေးရွာရှိအိမ်ထောင်စု၏ (၂၅%)ရှိပါသည်။ ကျေးရွာတွင် လယ်မြေ ဧက(၈၀.၇၁)ဧကရှိပြီး စပါးကိုသာ အဓိက စိုက်ပျိုးပြီး အခြားသီးနှံများ အနေဖြင့် မတ်ပဲသီးနှံများကို စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေး သွင်းအားစုများ၊ နည်းပညာ ဝန်ဆောင်မှုများ အနည်းငယ်ရရှိပြီး၊ မိုးရေ၊ ဆည်ရေဖြင့်စိုက်ပျိုးကြပါသည်။ အဟန့်အတား အနေဖြင့် မိုးစပါးစိုက်ပျိုးရာတွင်ဆည်ရေမလုံလောက်ခြင်းကြောင့် စပါးအထွက်နှုန်းလျော့နည်းခြင်း၊ ဆည်ရေမလုံလောက်ခြင်းကြောင့် နွေစပါးစိုက်ပျိုးနိုင်မှု မရှိခြင်း မှာ(၃) နှစ်ရှိပြီဖြစ်ကြောင်း၊ ကျေးရွာအဖွဲ့အနေဖြင့် မြို့နယ်အဖွဲ့ အစည်းများနှင့် ချိတ် ဆက်မှုအားနည်းခြင်း၊ ဖျက်ပိုးများကျရောက်တတ်ခြင်း၊ စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာ/အကူအညီမရခြင်း၊ စပါး ရိတ်သိမ်းရောင်းချချိန်တွင် ချေးငွေများပြန်လည် ပေးဆပ်ရန်အတွက် ကျေးရွာသို့ လာရောက် ဝယ်ယူသော စပါးဒိုင်များသို့ ငွေပေါ် ရရှိရေးရောင်းချခဲ့သည့်အတွက် ဈေးကောင်း မရရှိဘဲ အကျိုးအမြတ် နည်းခြင်း များဖြစ်ပေါ်ပြီး စပါးမျိုးမချန်နိုင်ခြင်း၊ပြန်လည်စိုက်ပျိုးချိန်တွင် မျိုး စေ့များအား သက်သာသောနှုန်းထားဖြင့် မရ၍ ဈေးကြီးပေးဝယ်ရခြင်း၊ စိုက်ပျိုးမြေဆီလွှာ အသင့်အတင့်ကောင်းမွန်သော်လည်း အထွက်နှုန်းတိုးလိုပါက မြေဩဇာအများ အပြားထည့်ရခြင်းကြောင့်အရင်းအနှီးများခြင်း၊မျိုးစေ့များ ပြန်လည်ဝယ်ယူချိန်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ရောင်းချသောဈေးနှုန်းနှင့် ပြင်ပ/ပုဂ္ဂလိက စိုက်ပျိုးရေး ကုမ္ပဏီများမှ ရောင်းချသော ဈေးနှုန်းများ တူညီသော်လည်း ဝန်ဆောင်မှု မတူညီခြင်းကြောင့် လယ်သမားများမှပြင်ပ/ပုဂ္ဂလိက စိုက်ပျိုးရေးကုမ္ပဏီများမှ ဝယ်ယူနေမှုများတွေ့ရှိရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဇယား(၈) ကြို့ပင်(အလယ်)ကျေးရွာတွင် တိရိစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ

စဉ်	ကျေးရွာ	နွား	သိုး	ဝက်	ဆိတ်	ကြက်	ဘဲ	ကျွဲ
၁	ကြို့ပင်(အလယ်)		၁၈	၆၁	၄၀	၃၀၇		၆

ပျဉ်းမနားမြို့နယ်၊ ကြို့ပင်(အလယ်)ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် အိမ်တွင်မွေးမြူလျက်ရှိပြီး၊ စီးပွားဖြစ် မွေးမြူထားခြင်း မရှိပါ။ ကျွဲသိုး၊ ဝက်၊ ဆိတ် နှင့် ကြက် စသည့် မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စုအားလုံး၏ တစ်ပိုင်တစ်နိုင် ကြက်မွေးမြူသည့် အိမ်ထောင်စု (၂၆%) ခန့်ရှိပါသည်။ မိရိုးဖလာနည်းအတိုင်း မွေးမြူခြင်း ကြောင့် ဆုံးရှုံးမှုများပြီးအမြတ်ရရှိမှုနည်းခြင်း၊ ကျွဲသိုး၊ဆိတ် မွေးမြူရေး လုပ်ငန်းများ အတွက် စားကျက်မြေရှားပါးခြင်း၊သီးနှံများ ရိတ်သိမ်း ပြီးချိန်တွင် စိုက်ကွင်းမြေများတွင် လွတ်ကြောင်း ရပြီး ကောက်ရိုးနှင့်ရိတ်သိမ်းပြီးပဲပင်များကိုကျွဲစာအဖြစ်ပြန်လည်အသုံးပြုကြပါသည်။ မွေးမြူရေးဆိုင်ရာအသိပညာနှင့်နည်းပညာဝန်ဆောင်မှုများလိုအပ်လျက်ရှိကြောင်းတွေ့ရှိရပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ပျဉ်းမနားမြို့နယ်၊ ကြို့ပင်(အလယ်)ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းများမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် အစိုးရဝန်ထမ်းများ၊ ပန်းရံ၊ လက်သမား၊ ဆောက်လုပ်ရေး၊ဆံပင်ကျွတ်(ဆွဲခြင်း)ရှင်းလင်းခြင်းလုပ်ငန်း၊ ယာဉ်မောင်း၊ ဆိုင်ကယ်ကယ်ရီ၊ စျေးဆိုင်၊ အပ်ချုပ်ဆိုင် လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက်နည်းပညာများရရှိပြီးဖြစ်သော်လည်း အရင်းအနှီးစိုက်ထုတ်လုပ်ကိုင်ရန်အတွက် အခက်အခဲများရှိနေကြပါသည်။ ကျေးရွာနှင့်မြို့ပေါ်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး၊ လျှပ်စစ်မီးရရှိသောကြောင့် ထုတ်ကုန် လုပ်ငန်းများ ထုတ်လုပ် ရန်အခွင့်အလမ်း တစ်ရပ်ပင် ဖြစ်ပါသည်။ နယ်မြေ လုံခြုံမှုရှိပြီး လွတ်လပ်စွာ သွားလာရောင်းဝယ်နိုင်သောကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ တစ်နှစ်ပတ်လုံး ရာသီမရွေး သွားလာနိုင်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပျဉ်းမနားမြို့နယ်၊ ကြို့ပင်(အလယ်)ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်စုများသာ စိုက်ဘဏ်ချေးငွေများ ရရှိနိုင်ပါသည်။ ချေးငွေဝန်ဆောင်မှုအနေဖြင့် VRFP စီမံကိန်း ရရှိပြီးဖြစ်ပါသည်။ ကျေးရွာတွင် တစ်လလျှင် ချေးငွေ လိုအပ်မှု အနေအထား

မှာ ယေဘုယျအားဖြင့် အသင့်အတင့် အနေအထားတွင် ရှိနေဆဲဖြစ်ပြီး ကျေးရွာနေ ပြည်သူအများစုမှာ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေရရှိနေပါသော်လည်း လိုအပ်ချက် များရှိနေဆဲ ဖြစ်ပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ပျဉ်းမနားမြို့နယ်၊ ကြို့ပင်(အလယ်)ကျေးရွာတွင် လယ်ယာထွက်ကုန်များအား ကျေးရွာတွင်း ဝယ်ယူသည့်ဒိုင်များတွင်သာ ရောင်းချပါသည်။ ကုန်စိမ်းနှင့်သားငါးများကို ပျဉ်းမနားမြို့၊အာဟာရသုခစျေးတွင် အလွယ်တကူဝယ်ယူနိုင်ပြီး၊ အခြားသော လူသုံး ကုန်ပစ္စည်းများအား ဆိုင်ကယ်ဖြင့် သော်လည်းကောင်း၊ သုံးဘီးဆိုင်ကယ်၊ ကားများဖြင့် သော်လည်းကောင်းသယ်ယူပို့ဆောင်လျက်ရှိပါသည်။ ကျေးရွာတွင်အသုံးပြုမှု အများဆုံး သယ်ယူပို့ ဆောင်ရေးယာဉ်များမှာ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီနှင့် ကားများကို အသုံးပြုကြပါသည်။ ကျေးရွာသည် ရန်ကုန်-မန္တလေးလမ်းဟောင်း လမ်းမကြီး အနီးတွင်ရှိပြီးလမ်းပန်းဆက်သွယ်ရေးအနေမှာ ကောင်းမွန်ပါသည်။ ကျေးရွာရှိ ရွာတွင်း လမ်းမကြီး၏ စုစုပေါင်းအရှည်မှာပေ(၂၀၀၀)ကျော်ခန့် ရှည်လျားပြီး ကတ္တရာလမ်းဖြစ်ပြီး သွားလာရေး လွယ်ကူပါသည်။

(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး

ပျဉ်းမနားမြို့နယ်၊ ကြို့ပင်(အလယ်)ကျေးရွာတွင် **မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး အသုံး ပြုနေကြသည့် အိမ်ထောင်စုမှာ** (၅၂%) **ရှိပြီး ကျေးရွာတွင်းရှိ တစ်ချို့သော အိမ်ထောင်စုများတွင် လမ်းမီးတိုင်း မရရှိသည့်အတွက် သွားလာရေး/လုံခြုံမှုမရှိခြင်းများ တွေ့ရှိရပါသည်။ ကျေးရွာ မီးကော်မတီမှ ပြုပြင်ထိန်းသိမ်းမှုစနစ်မှာလည်း ကောင်းမွန်ပါ သည်။**

(ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ

ပျဉ်းမနားမြို့နယ်၊ ကြို့ပင်(အလယ်)ကျေးရွာတွင် ဆက်သွယ်ရေး၊ သတင်းအချက် လက်နည်း ပညာနှင့် ပတ်သက်၍ အိမ်တိုင်းနည်းပါး တယ်လီဖုန်း၊ Radio, TVများ အများအပြား အသုံးပြုလျက် ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ကျေးရွာအနီး ပတ်ဝန်းကျင်တွင် သက်ဆိုင်ရာ ဆက်သွယ်ရေးတာဝါတိုင်များ တည်ရှိသဖြင့် ကျေးရွာ သူ/သားများမှာ ကြိုးမဲ့ဆက်သွယ်ရေး ဆင်းကဒ်များ ဖြစ်သော MPT, Ooredoo, Telenor, Mytel (၄)မျိုးစလုံး အသုံးပြုနိုင်ပြီး စီးပွားရေး အနေဖြင့် ဈေးကွက်များနှင့် သတင်းအချက် အလက်များအား အချိန်နှင့်တပြေးညီ ရယူနိုင်သည့်

အပြင် ဆက်သွယ်ရေးဆိုင်ရာ ဗဟုသုတများနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကိုလည်း လျင်မြန် လွယ်ကူစွာ ရရှိ နိုင်ပါသည်။

၇။ ပညာရေး

ပျဉ်းမနားမြို့နယ်၊ ကြို့ပင်(အလယ်)ကျေးရွာတွင် မူလွန်ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိပြီး၊ သွပ်မိုး၊ အုတ်နံရံကာများဖြင့် တည်ဆောက်ထားသော ကျောင်းဆောင်များမှာ အရည်အသွေး ကောင်းမွန်ပါသည်။ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းမရှိသဖြင့် ကလေးအများစုမှာ နီးစပ်ရာ လမ်းပျဉ်းမနားကျေးရွာကျောင်းသို့ ပညာရေးဝန်ဆောင်မှုများကို လက်လှမ်းမီရယူ ကြပါသည်။ ကျောင်းအာဟာရတိုက်ကျွေးမှု အစီအစဉ်မှာလည်း အသင့်အတင့်ရှိပါသည်။ အတန်းပညာ ပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ်နည်းသော်လည်း အလုပ်လုပ်နိုင်သည့် အရွယ်များသော ကြောင့် လုပ်ငန်းခွင်ဝင်နိုင်သည့် လူသားအရင်းအမြစ် တစ်ရပ်ပင်ဖြစ်ပါသည်။ လူငယ်များမှာ အလုပ်အကိုင် ရှားပါးမှုနှင့် အသက်မွေးဝမ်းကျောင်းနည်းပညာ အားနည်းခြင်း များကြောင့်၊ သင်တန်း များပို့ချပေးပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် လိုအပ်သော ရင်းနှီးငွေ / ချေးငွေများ ပံ့ပိုးပေးပြီးနောက် လုပ်ငန်းများ ဖွင့်လှစ်ဆောင်ရွက်ပါက ဝင်ငွေအသင့်အတင့် ရလာနိုင်မည်ဖြစ်ပါသည်။

၈။ ကျန်းမာရေး

(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

ပျဉ်းမနားမြို့နယ်၊ ကြို့ပင် (အလယ်) ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသော်လည်း ကျန်းမာရေးမကောင်းလျှင်ဖြစ်စေ၊ အရေးပေါ်လူနာများရှိခဲ့လျှက်ဖြစ်စေ ကျေးရွာမှ (၂/၅)မိုင်ခန့် ဝေးသော ပြူတွင်းကျေးရွာအုပ်စု၊ ကျေးလက်ဆေးပေးခန်း ပျဉ်းမနားမြို့နယ်၊ကျေးရွာနှင့်(၇)မိုင်ခွဲခန့်အကွာတွင်ကုတင်(၂၀၀)ဆံ့ဆေးရုံသို့လည်းကောင်း၊ ကျေးရွာ ၏(၁၆)မိုင်ခန့်အကွာတွင် နေပြည်တော်ကုတင်(၁၀၀၀)ဆန့် ဆေးရုံသို့လည်းကောင်းသွား ရောက်ကုသကြပါသည်။ ကျေးလက်နေပြည်သူများ အကြား ဝမ်းပျက် ဝမ်းလျှောနှင့် သွေးလွန် တုပ်ကွေး ရောဂါများသည် ရာသီအလိုက် ဖြစ်ပွားမှု အနည်း ငယ်ရှိပါသည်။ ဖြစ်ပွားရသော အကြောင်းအရင်းများကို ဖော်ထုတ်ဖယ်ရှား ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး တို့အတွက် ကျန်းမာရေး အသိပညာပေးခြင်းတို့အား ဆောင်ရွက် ပေးသင့်ပါသည်။ ကျန်းမာရေးဦးစီးဌာနမှလည်း သတ်မှတ်အရွယ် ရောက်သူတိုင်းအား သတ်မှတ်ကာလ များတွင် ကျေးရွာ အထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက် ထိုးပေးလျက် ရှိပါသည်။

(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

ပျဉ်းမနားမြို့နယ်၊ ကြို့ပင်(အလယ်)ကျေးရွာတွင် သောက်သုံးရေကို ရေတွင်းများ၊ လက်နှိပ် တုံကင်တွင်းများ သုံးစွဲကြပြီး၊ ကျေးရွာရှိအိမ်ထောင်စုအားလုံးအတွက် သောက်သုံးရေအားစင်မြင်ရေစင်နှင့် ပိုက်လိုင်းသွယ်လုပ်ငန်းလုံလောက်မှုရှိသော်လည်း ရေသန့်စက်ရုံမှ ရေသန့်ဝယ်ယူ သောက်သုံးသူများလည်း အနည်းငယ်ရှိကြပါသည်။ မြေအောက်ရေအနက်ပေ (၄၀၀') အောက်တူးဖော် ပေးထားလျက်ရှိပါသည်။ သန့်ရှင်းသော သောက်သုံးရေကိုရရှိပြီး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးပိုင်းတွင် ကျေးလက်ဒေသ၏ ယင်လုံအိမ်သာသုံးစွဲမှုမှာ (၉၁%) **ရှိသဖြင့် ကျေးရွာ သူ/သားများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသင့်အတင့်ရှိ၍ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးမှုမှာလည်း အသင့်အတင့်ရှိပါသည်။**

၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

(က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း

ပျဉ်းမနားမြို့နယ်၊ကြို့ပင်(အလယ်)ကျေးရွာတွင် စိုက်ပျိုးမြေဆီလွှာအနေအထားမှာ သဲမြေအမျိုးအစားဖြစ် သောကြောင့် စပါးစိုက်ပျိုးရာတွင် အထောက်အကူဖြစ်ပါသည်။ မြေဆီလွှာ ကောင်းမွန်သော်လည်း မြစ်ချောင်းအင်းအိုင်နည်းပါးပြီး ငလိုက်ဆည်ကိုသာ နွေစပါးစိုက်ပျိုးသောအခါတွင် အားထားနေရပါသဖြင့် စိုက်ပျိုးရေးမလုံလောက်သောကြောင့် စပါးအထွက်နှုန်းအပေါ် ထိခိုက် သက် ရောက်မှုရှိပါသည်။ သဲမြေဖြစ်သောကြောင့် မတ်ပဲစသည့်သီးနှံများစိုက်ပျိုးရာတွင် ဖြစ်ထွန်းမှုနည်းပါး ပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိပ်ခွံ၊ဘူးခွံများကို စနစ်တကျစွန့်ပစ်ရန် အတွက် အမှိုက်ကန်လို အပ်ပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

ပျဉ်းမနားမြို့နယ်၊ ကြို့ပင်(အလယ်)ကျေးရွာသည် မြန်မာနိုင်ငံ၏ ကုန်းတွင်းပိုင်းတွင် ကျရောက်သော ကျေးရွာဖြစ်သည့်အလျောက် အပူလွန်ကဲခြင်း ဖြစ်ပေါ်ပြီး မြေငလျင်ပြတ်ရွှေ့ကျောပေါ်တွင် တည်ရှိသဖြင့် မကြာခဏငလျင်ငယ်များ လှုပ်ခတ်မှု ရှိပါသော်လည်း ပျက်ဆီးဆုံးရှုံးမှုမရှိပါ။ လူထုအခြေပြု သဘာဝ ဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်များ ဆောင်ရွက်နိုင်မှု မရှိသေးပါ။ ကျေးရွာသည် တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းမှုရှိသောကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုမှာ အဆင်ပြေ ချောမွေ့လျက်ရှိပါသည်။ မှုခင်းများကာကွယ် တားဆီးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခါအားလျော်စွာ မှုခင်းကျဆင်းရေး ပညာပေး ဟောပြောပွဲများအား (၁)နှစ် (၁)ကြိမ် ဟောပြော ပြုလုပ်ပေးလျက်ရှိပါသည်။

၁၀။ ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ပျဉ်းမနားမြို့နယ်၊ကြို့ပင်(အလယ်)ကျေးရွာအတွင်းရှိမိဘများသည် သားသမီးများကို ပညာသင်ကြားမှုအပိုင်းတွင်ကျားဖြစ်ခြင်းမဖြစ်ခြင်းအပေါ်ခွဲခြား သတ်မှတ်ခြင်းမရှိဘဲ တန်းတူပညာ သင်ကြားခွင့်ရှိကြပါသည်။ မိသားစုစားဝတ်နေရေး အခြေအနေအလိုက်သာ ပညာသင်ကြားခွင့်ကို သက်ရောက်မှု ရှိစေနိုင်သည်။ နေ့စားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် ကျားမတန်းတူ အခွင့်အရေးရရှိပါသော်လည်း နေ့စားလုပ်အားခသတ်မှတ်ရာတွင် အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားခရရှိမှု ပိုနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်း အကြမ်းဖက်မှုနှင့် ကျားမခွဲခြားဆက်ဆံမှုတို့မှာ အများအားဖြင့် နည်းပါးသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းနှင့် ကျေးရွာသာရေး နာရေးကိစ္စရပ်များတွင် **အမျိုးသမီးများ တက်တက်ကြွကြွပါဝင် လုပ်ဆောင်ကြပါသည်။**

ပျဉ်းမနားဟောင်းကျေးရွာအုပ်စု၊ ကြို့ပင်(အလယ်)ကျေးရွာ၏ ကျေးရွာဖွဲ့ဖြိုးတိုးတက်ရေးကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁။	ဦးဇော်နိုင်စိုး	ဦးဆယ်	၉/ပမန(နိုင်)၂၂၈၆၃၀	ဥက္ကဋ္ဌ	၀၉-၇၇၇၈၆၀၄၈၃	
၂။	ဦးညွှန့်ဝေ	ဦးဘုတ်လှ	၉/ပမန(နိုင်)၁၀၀၁၀၅	ဥက္ကဋ္ဌ(ဝယ်ယူရေး)	-	
၃။	ဒေါ်သက်သက်ခိုင်	ဦးရွှေ	၉/ပမန(နိုင်)၂၂၈၉၁၁	ဘဏ္ဍာရေးမှူး	၀၉-၇၆၃၄၆၄၃၃၆	
၄။	ဦးဝင်းစိုး	ဦးစံအေး	၉/ပမန(နိုင်)၂၁၃၂၃၁	အတွင်းရေးမှူး	၀၉-၄၂၄၄၁၈၆၉၅	
၅။	ဦးအောင်မျိုး	ဦးတင်ငွေ	၉/ပမန(နိုင်)၂၂၈၆၀၀	စာရင်းကိုင်	-	
၆။	ဒေါ်ထက်ထက်အောင်	ဦးကျော်သန်း	၇/သနပ(နိုင်)၀၇၄၈၅၉	အဖွဲ့ဝင်	၀၉-၂၂၆၇၉၀၉၈၀	
၇။	ဒေါ်မာလွင်ဦး	ဦးစိုးစိုး	၉/ပမန(နိုင်)၂၂၈၇၃၉	အဖွဲ့ဝင်	-	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၇	၄	၁၁		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၆	၇	၁၃		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၂	၈	၂၀		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၉	၉	၂၈		၁
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၂	၁၅၆	၂၇၈		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၂	၃	၅	၁	
စုစုပေါင်း		၁၆၈	၁၈၇	၃၅၅		
စုစုပေါင်း အိမ်ထောင်စု		၇၆				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကြို့ပင်(အလယ်)ကျေးရွာတွင် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ ကူညီထောက်ပံ့မှုရှိပါသော်လည်း အသက်(၈၀)ကျော်မှသာထောက်ပံ့မှုရှိခြင်း၊ မသန်စွမ်းသက်ကြီးရွယ်အိုများအား မိသားစုအစီအစဉ်ဖြင့် ထောက်ပံ့လျက်ရှိပါသည်။ ကျေးရွာတွင် အခြေတကျနေထိုင်သူများ၍ ရွှေ့ပြောင်းနေထိုင်သူ မရှိကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေဆျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၂၃	၂၆					မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅	၉				၁၄	မြင့် ☑ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၂	၂				၄၄	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☑
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅	၅					မြင့် ☐ လတ်☑ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☑ နိမ့် ☐
၁၁	လက်လီ– လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁၂	၂၄					မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁					မြင့် ☐ လတ် ☑ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁					မြင့် ☐ လတ်☑ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁					မြင့် ☐ လတ်☑ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း /	၂၄	၅၀					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ရာသီအလိုက် အလုပ်သမား							
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁					မြင့် ☐ လတ်☑ နိမ့် ☐
	စုစုပေါင်း							☒

မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”**ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းပြုကြပြီး အခြားဝင်ငွေရလုပ်ငန်းများဖြစ်ကြသည့် ကျပန်း/ရောင်းဝယ်ရေးများတွင်လည်းလုပ်ကိုင် ကြပါသည်။စက်ရုံ များတွင် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၇)စုရှိပြီး လုပ်အားခနည်းပါသော်လည်း စားဝတ်နေရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား
ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၅၀၀၀	၁၀၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၁၀၀၀၀	၆၀၀၀	၇၀၀၀	၅၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊	နေ့စား	၁၅၀၀၀	၆၀၀၀	၆၀၀၀	၆၀၀၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ပန်းရံလုပ်ငန်း					
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	လခ စား	၂၂၀၀၀၀	၂၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကြို့ပင်အလယ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်ပြီး အလုပ်သမား လုပ်အားခ များအနေဖြင့် အမျိုးသား/သမီး အနည်းငယ်ကွာဟမှုရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် လုပ်အားခတိကျ သတ်မှတ်မှုမရှိပါ မိမိလုပ်ကိုင်နိုင်လျှင် နိုင်သလောက် လုပ်အားခ ရရှိကြပါသည်။ စက်ရုံ အလုပ်ရုံ(ပိုက်စက်ရုံ၊ပလပ်စတစ် ပစ္စည်းစက်ရုံ)များတွင် အမျိုးသား/အမျိုးသမီးလုပ်အားခ တန်းတူညီမျှ မရှိခြင်းများကိုလေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ–၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၇၉.၁၁	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁.၆	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ(ကျွန်းမျှော)		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၈၀.၇၁	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကြို့ပင်အလယ်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းသာအဓိကလုပ်ကိုင်ကြသဖြင့် အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူများအနည်းငယ်သာရှိပါသည်။ စိုက်ပျိုးမြေကိုသာ အဓိကထား ပိုင်ဆိုင်ကြပြီး မြေဆီလွှာအရည်အသွေးမှာ သင့်အနေအထား ရှိပါသည်။ ရာသီဥတုမှန်သည့်နှစ်တွင် စပါးအထွက်တိုး၍ အနည်းဆုံး(၉၀)တင်းမှ အများဆုံး(၁၁၀)တင်း ထွက်ရှိပြီး အထွက်နှုန်းကောင်းမွန်ပါသည်။မိုးနည်းပါက အနည်းဆုံး(၄၀)တင်းမှ အများဆုံး(၉၀)တင်းထွက်ရှိပါသည်။စိုက်ပျိုးရေအား ငလိုက်ဆည်မှ ရေသွင်း၍ စိုက်ပျိုးကြပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☐မရှိ ☑	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☑မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐မရှိ ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။ လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အနီးနားပတ်ဝန်းကျင်တွင် သတ္တုနှင့်အခြားတွင်းထွက်ပစ္စည်းများမရှိပါ။ မြေပေါ်ရေနှင့် မြေအောက်ရေ ၏ အရင်းအမြစ်များသည်ကျေးရွာအနေဖြင့် အသုံးချနိုင်မှုရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသောအိမ်ထောင်စု	အလယ်အလတ်ရှိတေအိမ်ထောင်စု	မပြေလည်သောအိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ ဝေအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၁	၂၁	၃၁	၁၃

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကြို့ပင်အလယ်ကျေးရွာရှိ (၇၆)စုရှိသည့်အနက် မပြေလည်သောအိမ်ထောင်စုမှာ (၃၁)စုရှိပြီး၊ အလွန်မ ပြေလည်သည့် အိမ်ထောင်စုမှာ (၁၃)ရှိပါသည်။ဂင်းအိမ်ထောင်စုများအနက် အဆင့်၃နှင့် အဆင့်၄ အိမ်ထောင်စုများသည် ကျပန်း လုပ်ကိုင်ဆောင်ရွက်နေကြပြီး အလုပ်ကိုင်အခွင့်အလမ်းနည်းပါးခြင်း ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့် ကျေးရွာမှ အိုးမကွာအိမ်မကွာ လုပ်ကိုင်ဆောင်ရွက်နေခြင်းများကြောင့် ဝမ်းစာဖူလုံမှုနည်းပါးရခြင်းဖြစ်သည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအ ရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအ လိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်း စာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်၆လကြားဝ မ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၁၃		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၁၃ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဥစ္စာဓနအဆင့်(၄) (၁၃)အုပ်စုနှင့် ဥစ္စာဓနအဆင့်(၃)လည်း အိမ်ထောင်စု

(၃၁)စုရှိပါသည်။ ကျေးရွာတွင် ဝမ်းစာဖူလုံမှုအခြေအနေ စစ်တမ်းကောက်ယူရာတွင် အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးသည့်ကျေးရွာဖြစ်သဖြင့် အဆိုပါအိမ်ထောင်စုများသည် ဝမ်းစာဖူလုံရန်အတွက် အခက်အခဲရှိကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ နှင့် ဥစ္စာဓနအဆင့် (၃)နှင့် (၄)အိမ်ထောင်စုများ ၏ ဝမ်းစာဖူလုံမှုမရှိ၍ အစားအသောက်လျော့စားရသည့် အခြေအနေများရှိခဲ့ပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောသက်ကြီးရွယ်အိုများ မသန်စွမ်းပုဂ္ဂိုလ်များအတွက် ကျေးရွာမှ ခက်ခဲသောမိသားစုများအား ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေထဲမှ ကူညီထောက်ပံ့မှုရှိခဲ့ပါသည်။ ပညာရေး၊ကျန်းမာရေး၊ သာရေး/နာရေးများအတွက် ဆင်းရဲ၍ ခက်ခဲသော ကျောင်းသူ/သားများ မသန်စွမ်းပုဂ္ဂိုလ်များအတွက် ကူညီထောက်ပံ့နိုင်ရေး ကျေးရွာမှ ထောက်ပံ့ဆောင်ရွက်လျက်ရှိသည်။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း	✓					
၃	မုန်တိုင်းဒီရေ	✓					
၄	ဆူနာမီ	✓					
၅	တိုင်ဖုန်းမုန်တိုင်း	✓					
၆	လေဆင်နာမောင်း	✓					
၇	ငလျင်	✓					
၈	အပူလှိုင်း	✓					
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု	✓					
၁၂	မိုးခေါင်ခြင်း	✓					

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓					
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓					
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓					Â
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓					
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓					
၂၀	သစ်တောပြုန်းတီးခြင်း						
၂၁	ငှက်ဖျားရောဂါ	✓					
၂၂	တီဘီရောဂါ	✓					
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓					
၂၄	ကပ်ရောဂါ	✓					
၂၅	ပြည်တွင်းပဋိပက္ခ						
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓					
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်						

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက် ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်အိမ်ထောင်စု ၁၀၀ တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဖြစ်လေ့ဖြစ်ထရှိသော သဘာဝဘေးအန္တရာယ်မရှိခဲ့ပါသော်လည်း လူကြောင့် ဖြစ်တတ်သော ဘေးအန္တရာယ်များကို လျော့ချနိုင်ရေးအတွက် ကြိုတင်စီမံချက်များ ချမှတ်လေ့ကျင့် ရေးဆွဲထား သင့်ပါသည်။ ကြို့ပင်အလယ်ကျေးရွာသည် အိမ်ခြေသည် အိမ်ခြေစိပ်သောကြောင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး တုန့်ပြန်မှုအားကောင်းသော အဖွဲ့အစည်းများရှိခဲ့ပါသည်။

(c–၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓			✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု						
၃	ဆင်းရဲသားတောင်သူ		✓			✓	
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓					
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓					
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✓					
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		✓		✓		
၁၁	လူနည်းစုလူမျိုးများ	✓					
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	✓					
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	✓					
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓					

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကြို့ပင်အလယ်ကျေးရွာတွင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက လက်လုပ်လက်စားများ ၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ ဆင်းရဲတောင်သူများအုပ်စုသည် ထိခိုက်သက်ရောက်မှု အမြင့်ဆုံး ခံရနိုင်သည့်အုပ်စု ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက ထိခိုက်လွယ်အုပ်စုများအား အချိန်မီ ကူညီထောက်ပံ့နိုင်ရေး ကျေးရွာတွင်းရန်ပုံငွေတစ်ရပ်စီစဉ်၍ ကူညီထောက်ပံ့သွားပါမည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့	၁☐၂☑၃☐	၅	-	၅	ပညာရေး☑ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၂	လူငယ်အဖွဲ့	၁☐၂☑၃☐	၃	၂	၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၃	VRFP ကော်မတီ	၁☑၂☐၃☐	၂	၃	၅	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၄	မီးကော်မတီ	၁☐၂☑၃☐	၇	-	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၅	ရေကော်မတီ	၁☐၂☑၃☐	၄	၃	၇	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၆	ရပ်ရွာစည်ပင်သာယာရေးအဖွဲ့	၁☐၂☐၃☐	၂၅	၁၅	၄၀	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်☐ ညံ့☐
၇	အမျိုးသမီးအဖွဲ့	၁☐၂☑၃☐		၂၅	၂၅	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐
၈	ဓမ္မစကြာအဖွဲ့	၁☐၂☐၃☑		၂၅	၂၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းများဖြစ်ကြသော အုပ်ချုပ်ရေးအဖွဲ့၊ မီးလင်းရေးရေကော်မတီ၊အမျိုးသမီးများအဖွဲ့၊လူငယ်အဖွဲ့၊VRFP ကော်မတီ၊ဓမ္မစကြာအဖွဲ့များ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ဆောင်ရွက်ရန်လိုအပ်လာပါက တစ်စည်းတစ်လုံးတည်းတက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိပြီး ရေရှည်တွင်လည်း ပိုမိုအားကောင်းသော အဖွဲ့အစည်းများဖြင့် ဖွံ့ဖြိုးရေးလုပ်ကိုင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာ တစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အ ထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်

များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်းအသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်းကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးလက်ဦးစီးဌာနမှ VRFP စီမံကိန်းမြို့နယ်လျှပ်စစ်ခါတ်အားဖြန့်ဖြူးရေးဌာနမှ မီးလင်းရေးလုပ်ငန်း၊စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေများထောက်ပံ့ခြင်းများဆောင်ရွက်ပေးလျက်ရှိပါသည်။ပုဂ္ဂလိကချေးငွေလုပ်ငန်းများမှ နီးစပ်ရာကျေးရွာသို့ လာရောက်ချေးပေးရာတွင် ကျေးရွာတွင်းမှ အချို့သောအိမ်ထောင်စုအနည်းငယ်သာ ချိတ်ဆက်၍ ချေးငွေများ ယူလျက်ရှိပါကြောင်း တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၅၃		မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၅		ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၁		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၇		တောင်သူလတ်
၅	၁၂.၅ဧကအထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၇၆		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းပြုကြပါသည်။ မြေယာမဲ့အိမ်ထောင်စု (၅၃)စုရှိပါသည်။ ဆင်းရဲသားတောင်သူ(၅)ဦး၊တောင်သူငယ်(၁၁)ဦး၊ တောင်သူလတ်(၇)ဦး ရှိပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၈၀.၇၁	တစ်နှစ်ပတ်လုံး□ရာသီအလိုက်☑ မဖြေဆိုပါ□	ရှိ□မရှိ☑မဖြေဆိုပါ□	လျော့☑တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ□		
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ငင်းရေတွင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။ လေ့လာတွေ့ရှိချက်။ ကျေးရွာစိုက်ပျိုးရေးအတွက် ဆည်ရေအား အဓိကထားအသုံးပြုသော်လည်း နွေရာသီတွင် ရေလုံလောက်မှုမရှိပါ။ တစ်နှစ်ပတ်လုံးရေရရှိရေးအတွက် ဆည်ရေးရရှိရေးအတွက် ဦးစားပေးစီမံချက်တွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်ပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
မိုးစပါး	၈၀.၇၁	တင်း	၉၀	၁၂၀	၁၀၅	၆	၁၀	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့် □ လ တ်□ နိမ့်☑
မတ်ပဲ	၄၀	တင်း	၃၀	၅၀	၄၀	၁၂	၃	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ			
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ များပြားပြီး စိုက်ပျိုးသီးနှံများ၏ အထွက်နှုန်းမှာ အသင့်အတင့် ကောင်းမွန်ပါသည်။သွင်းအားစုများဖြစ်သည့် မြေဩဇာ/ပေါင်းသတ်ဆေးစသည်တို့လည်း လိုအပ်ချက်ရှိပါသည်။ သီးနှံအထွက်နှုန်းအနေဖြင့် အသင့်အတင့်ကောင်းမွန်သော်လည်း ကျေးရွာတွင်း လာရောက်ဝယ်ယူသည့် ဒိုင်များတွင်သာ စျေးကွက်မကောင်းဘဲ ချက်ချင်းရောင်းချရသဖြင့် အမြတ်ငွေရရှိမှု နည်းပါးကြောင်း တွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	-	-	-	၂၃
လက်တွန်းထွန်စက်	၄	-	-	-
အစေ့ချကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	၂၃
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	-	-	-	-
ရေစုပ်စက်	၂	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	၁	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများရှိသဖြင့် စိုက်ပျိုးရေးသုံး ခေတ်မီစက်များပိုင်ဆိုင်မှု မရှိပါသဖြင့် ငှားရမ်းအသုံးပြုရပါသည်။ လက်ရှိတွင် ခါတ်ဆီစျေးများ မြှင့်တက်မှုများကြောင့် ထွန်ယက်စရိတ်များမြင့်မားလာ၍ စက်မှုလယ်ယာ ဦးစီးဌာနမှ တင့်တင့်သော စျေးနှုန်းများဖြင့် ငှားရမ်း ထွန်ယက်နိုင်ပါက ကျေးရွာအိမ်ထောင်စုများ အဆင်ပြေနိုင်ပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**အလွန်ကောင်း□ကောင်း☑ သင့်တင့်မျှတ□ မဖြေဆိုပါ☑**
လယ်ယာမြေအသုံးချနိုင်မှု	**အလွန်ကောင်း□ကောင်း☑ သင့်တင့်မျှတ□ မဖြေဆိုပါ☑**
စိုက်ပျိုးရေအရင်းအမြစ်	**ပေါများ□ အသင့်အတင့်ရှိ☑ မဖြေဆိုပါ□**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည်□ရသည်☑မဖြေဆိုပါ□**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ□**
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ□**
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ□**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူရနိုင်သည်□ရနိုင်သည်☑မဖြေဆိုပါ□**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	**အလွယ်တကူရနိုင်သည်□ ရနိုင်သည်☑ မဖြေဆိုပါ□**
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ□**
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊ မိုးရေချိန်)	**ထိခိုက်သည်☑ မထိခိုက်ပါ □ မဖြေဆိုပါ□**

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။
လေ့လာတွေ့ရှိချက်။ ကြို့ပင်(အလယ်)**ကျေးရွာတွင်** စိုက်ပျိုး**သီးနှံ**များ အထွက်နှုန်းတိုးစေရန်အတွက် သွင်းအားစုများဖြစ်သည့် စပါးမျိုးကောင်းမျိုးသန့်များစျေးနှုန်းချိုသာစွာဖြင့်ဝယ်ယူအသုံးချနိုင်လျှင် သီးနှံအထွက်နှုန်း တိုးရန်အခက်အခဲများဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုများကြောင့်လည်း သီနှံအထွက်နှုန်း ထိခိုက်မှုရှိပါသည်။

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**မြေဆီဩဇာမကောင်း☑ ရာသီဥတုမမှန်☑မဖြေဆိုပါ□**
လယ်ယာမြေအသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑ လယ်ယာမြေဆုံးရှုံးမှုများသည်□ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်□ ပလပ်မြေများရှိသည်□ ပလပ်မြေအသင့်အတင့်ရှိသည်□မဖြေဆိုပါ□**
စိုက်ပျိုးရေအရင်းအမြစ်	**အလွယ်တကူမရနိုင်□လုံးဝမရ□ မဖြေဆိုပါ□**

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ☑**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ☑**
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	**အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ☑**
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	**အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ☑**
